
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# မစန္ဒာ


## ကွက်လပ်ကလေးဖြည့်ပေးပါ

ဇာတ်ညွှန်း ဝေသာ

ပန်းချီ လှပ



mgyoe.com



ISBN9789997117267
CAR38
9 789997 117267
3,500.00KS

mgyoe.com

ကွက်လပ်ကလေးဖြည့်ပေးပါ၊ ဇာတ်ညွှန်း-ဝေသော ပန်းချီ - လှပ
စာမျက်နှာ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## စာရေးဆရာမ မစန္ဒာ၏
## ဝတ္ထုဇာတ်လမ်းများကို ရုပ်ပြရေးဆွဲစီစဉ်ခြင်း

မြန်မာဝတ္ထုအရေးအသားတွင် ဝတ္ထုတိုနှင့် ဝတ္ထုလတ် အပါအဝင် ဝတ္ထုရှည်များမှာပါ ထင်ရှားတဲ့ ဆရာမ မစန္ဒာရဲ့ ဝတ္ထုတို၊ ဝတ္ထုလတ် လက်ရာများကို ကလေးလူငယ်များအတွက် စာအဖြစ်သာမက သရုပ်ဖော်ပန်းချီများဖြင့်ပါ ခံစားဖတ်ရှုနိုင်ကြရန် ရည်ရွယ်ပြီး ရုပ်ပြဇာတ်လမ်းတွဲများအဖြစ် ထုတ်ဝေသွားနိုင်ဖို့ စတင်စီစဉ်လိုက်ခြင်း ဖြစ်ပါတယ်။

ယခုစာအုပ်မှာ

**'ကွက်လပ်ကလေးဖြည့်ပေးပါ'**


လုံးချင်းဝတ္ထုကို သရုပ်ဖော်ထုတ်ဝေခြင်း ဖြစ်ပါတယ်။


စီစဉ်သူများ


mgyoe.com


mgyoe.com

mgyoe.com



အခန်း(၁)
ရှုမာရေ..
အင်း..
ငါ တွေးမိတယ် ဟ..
အင်း ဘာလဲ ကိုတုံး..
နင့် အသက် ဆယ်နှစ် နော်..
ငါ့ အသက်က ဆယ့်သုံး နှစ်..
အင်း..
မမကြီးနဲ့ ငါနဲ့က ငါးနှစ်တောင် ကွာတယ်..
အင်း..
အငယ်ဆုံး တာတီးလေးနဲ့ နင်နဲ့ ကလည်း ခြောက်နှစ်တောင် ကွာတယ်နော်..
အင်း..
တို့ နှစ်ယောက် ကျတော့ မေမေက ကပ်ပြီး မွေးထားတယ်..
အင်း ဟုတ်တယ် ကိုတုံး ဘာဖြစ်လို့လဲ မသိ ဘူးနော်..
မမကြီးကို မွေးတော့ ဖေဖေ နိုင်ငံခြား မှာ ပညာသွားသင်တာ အကြာကြီးတဲ့.. ရှုမာကို မွေးပြီး မေမေ သေကောင်း လို့ အကြာကြီး နေမှ တာတီးလေးကို မွေးတာတဲ့..


ကိုတူးက မျက်မှောင်ကြုတ်ရင်း လဝန်း ဝါဝါကို မော့ကြည့်နေပြီး • •
ရူးမောကို တစ်လုံးချင်း စကား ဖြည်းပြောနေသည် • •
ကိုတူးနှင့် ရူးမောမှာ အသက် တစ်နှစ် သာ ကွာသော်လည်း ရူးမော မတွေးမိ သည်များကို နက်နက်နဲနဲ တွေးတတ် သည် • • •


ရူးမာတို့ နေသည့် ခြံနှင့် အိမ်မှာ ကျယ်ဝန်း တိတ်ဆိတ်ပြီး သစ်ပင်ကြီး များလည်း ပေါလှသည် . .
ဖေဖေက နိုင်ငံခြားပြန် အထူးကု ဆရာဝန်ကြီး ဖြစ်ပြီး ရိုးမာတို့၏ မောင်နှမ လေးယောက် ရှိသည် . . .


အစ်မကြီးက အခု အသက်( ၁၈ )နှစ်..
ဆေးကျောင်းသူ..ရုံးမောတို့ ကိုတုံးတို့နှင့်
အသက် ကွာ၍ ကစားဖော် မဖြစ် . .
ကိုတုံးနှင့် ရုံးမောတို့က အသက် သိပ်
မကွာ၍ ကစားဖော် ဖြစ်သည် . .
တာတီးလေးနှင့်က အသက်
ထက်ဝက် ကွာသည်..ကစားဖော်
မဖြစ် . . .



ကိုတူးနှင့် ရှုးမာတို့သည ကစားဖော်
ဖြစ်ကြသည်.. အတွဲ ညီကြသည် . .
ကိုတူး သစ်ပင်တက်လျှင် လိုက်တက်သည်..
သားရေကွင်း ပစ်လျှင်လည်း လိုက်ပစ်သည် . .
တစ်ခါတရံ ဟင်းချက်တမ်း
လည်း ကစားကြသည် . .


ကိုတုံးက မြက်ခင်းပေါ်မှ လှဲအိပ်ရင်း
ကောင်းကင်ကြီးကို ကြည့်နေသည်..
ထို့နောက် လေသံ အေးအေးလေးဖြင့် ..
ကြည့်စမ်း ဖိုးမာ.. ကောင်းကင် ကြီးက အကျယ်ကြီးဟာ..ကြယ် တွေကလည်း ပြည့်လို့.. လရောင် ကလည်း အေးလို့..


ငါ ဒီမှာ အိပ်ချင်လိုက်တာ..



အိုင် ဒီမှာ
အိပ်ရင် မေမေ ဆူမှာ
ပေါ့ဟဲ့..
မေမေ
ဆူတာထက် မိုးက
ရွာတော့မှာ..
ဟာ
ဒီလောက် လသာ
နေတာ..
ဟောင်းမလား..
လေထဲမှာ ရေငွေ့ ပါတယ်..
လေက အေးစိမ့်စိမ့်.. မိုးရွာ
ခါနီး ဒီလိုပဲ အေးလာတာ..
မရွာရဲ..


မကွာရှင်
ငါ့ဆီက နင်ကြိုက်တဲ့
ကာတွန်း စာအုပ် ယူ
လေ..
တကယ်ပါနော်..
အေး..
ကွာရှင်တော့ နင့်ဆီက
ကားချပ်ဆက် ကစားတဲ့
ဟာလေး ပေး..
မပေးချင်
ပါဘူး..
အဲဒီ ကားချပ်
ဆက် ကစားတဲ့ ရုပ်လုံးပေါ်
ပစ္စည်းကိုတော့ မလုပ်ပါနဲ့.. ငါ
နှမြောလို့.. ဒီလို လုပ်လေ.. မိုး
ကွာရှင် လောင်းမယ်လေ.. မိုး
မကွာရှင် မလောင်းဘူး..
ငွေးမရှုတ်
သိပ်ပါသိတတ်..
mgyoe.com


ကိုတုံးက ကျောက်စရစ်ခဲလေး
များဖြင့် ပစ်ပေါက်သည်။
ရှုံးမောက ခေါင်းငုံ့ ရှောင်ပြီး ..
ဟဲ့မျာ
ဖေဖေ တက်လာ
နေပြီ.. ငါတို့ စာမကျက်
ဘူး ဆိုပြီး ဆူနေဦးမယ်
ဟ..
ဟုတ်တယ်
ငါတို့ <၆>တန်း <၇>တန်း
ဆိုတာ မမကြီးတို့ ဆေးကျောင်းသူ
တွေလို စာသိပ်ကျက်ဖို့ မလိုဘူး
ဆိုတာ ဖေဖေတို့ မသိပါဘူး
ဟာ..


ပေပေက အိမ်ရှေ့ဝရန်တာသို့ ထွက်လာသည်..
ပေပေ့နောက်မှ မေမေ ပါလာသည် . .
မေမေ့နောက်မှ တာတီး လေးက ထမီစ ဆွဲ၍ လိုက်လာသည် . .
ပေပေက တာတီးလေးကို ပွေ့ချီလိုက်ပြီး ကောင်းကင် ကြီးကို လက်ညှိုးထိုးပြ၍ ဘာတွေ ပြောသည် မသိ.. သူတို့တွေ ရယ်နေကြသည်..


ကိုတုးက အိမ်ကြီးသို့ ရိုက်ကြည့်ပြီး.. တစ်ချက် မြက်ခင်းပေါ်သို့ ပြန်လှဲလိုက်သည်..
အင်း တွေ့လား.. ပေပေတို့ မေမေတို့က ငါတို့ကို မေ့နေတယ်..
ပေပေနှင့် မေမေတို့က ကိုတုး နှင့် ရှုမာတို့ကို မြင်လျှက်နှင့် မခေါ်တာလား.. မခေါ်ချင်၍ မခေါ်တာလား ရှုမာ မသိ ..
ဟဲ့ ကိုတုး ထ ထ.. ပေပေတို့ အိမ်ထဲ ဝင်သွားကြပြီ.. တော်တော်ကြာ ပုံပြော တော့မယ် လာ လာ..






mgyoe.com
mgyoe.com


ဧည့်ခန်းထဲ ရောက်တော့ ဖေဖေ၏ ပုံပြင်
အဆုံးသတ်နေသည်ကို ကြားလိုက်ရသည် ..
လထဲမှာ ရှိတဲ့ တောတွေ တောင်တွေကို အဝေးကနေ ကြည့်ရင် ယုန်ရုပ်လေး သဏ္ဍာန် ဖြစ်အောင် သိကြားမင်းကြီးက ဖန်ဆင်းပေးလိုက်ပါရောတဲ့.. ကဲ.. ပုံပြင်က ပြီးပြီ ..
ရုမာက ဖေဖေ့ရှေ့ ကြမ်းပြင်၌
ခြေပစ် လက်ပစ် ထိုင်ချလိုက်သည် ..
ပုံပြင်ကလည်း ပြီးသွားပြီ..



ဘွားလေ အသုပ် ပြီးသွား ပြီလေ..
ကြည့်စမ်း အလတ် နှစ်ကောင် စာမကျက်ဘဲ ဘယ်သွား နေလဲ..
ရုံးမာက မေမေ့ ခြေသလုံးကို မှီပြီး မေမေ့ ပေါင်ပေါ် ခေါင်းကို မှီထားပါ..
မေမေ ပုံ တပုဒ်ပြော ပြ..
ပြန်ပြောပြ..
ဟုတ်တယ် ပြန်ပြောပြ..


ဟာ ပြောပြီး ပြီပဲ..တော်စမ်းပါကွယ် ကလေးလည်း မဟုတ် ဘဲနဲ့..
ဖေဖေက ပေါင်ပေါ်မှ တာတီး လေးကို ချပြီး မတ်တပ်ရပ်လိုက် သည်.. ဖေဖေ အိပ်တော့မည်..
တာတီးလေးက မေမေ့ထံသို့ ပြေးလာကာ မေမေ့ ပေါင်ပေါ်သို့ ပြေးတက်သည် . .
ဂါ့ ရှူးမောရှယ်..ဒိုက် လိုက်တာ..ဖယ် ပါဦး..


ဒါဆို မေမေကော ပုံပြော ပြ..
ဟာ ပြောပါဘူး..
ပြောပါဆို..
မအား ပါဘူး.. တာတီးလေး သိပ်ရဦးမယ်.. ပုတီးလည်း စိပ်ရဦးမယ်..
မရဘူး ပြောပြ..
မေမေ့ အသံက မာထန်လာသည် ..
တော်စမ်း ခုမှာ.. ခြေလက်ဆေး မျက်နှာသစ်.. အိပ်ရာဝင် ဖို့ သွားတိုက်ဖို့ မမေ့ နဲ့..

mgyoe.com


ပေပေက အိပ်ခန်းထဲ ဝင်ခါနီး ရုံးမောကို ကြည့်ပြီး ခပ်တင်း တင်းလေး ပြောလိုက်သည် . .
ရုံးမော မေမေ မအားတာကို ဘာလို့ ရှုပ်ချင်နေတာလဲ သွား . .
ရုံးမော မျက်လုံးဝိုင်းလေးတွင် မျက်ရည်တို့ စိမ့်လာသည် . .
မှုန်တေတေ မျက်နှာကို ငုံ့ပြီး မျက်တောင်တို့ ပုတ်ခတ် ပုတ်ခတ် လုပ်နေသော ရုံးမော နောက်သို့ ကိုတုး ရောက်လာ သည် . . .


ကိုဘုန်းဆီမှ ပင့်သက်ရှိုက်သံကို
ကြားလိုက်ရသည် . .
ထို့နောက် ရုံးမော ပခုံးပေါ်သို့
လက်ကို တင်းတင်း ဆုပ်ကိုင် ဖက်ပြီး
တိုးတိုး ညှင်သာသော အသံလေးက
ထွက်ပေါ်လာသည် . . .
ရုံးမောရယ်
လာ လာ.. ခြေထောက်
ဆေးကြောပါဦး.. မနက်ကျရင်
လေ.. ငါ ပုံပြင် အသစ် တစ်ပုဒ်
ပြောပြမယ်နော်..




mgyoe.com


အခန်း (၂)
mgyoe.com
ကိုတုံးက မနေ့က သူ ကတိပေးထားသည့် အတိုင်း လူကြီး တစ်ယောက် လို ရုံးမာကို ပုံပြောပြ သည် . .
ဟုတ်တယ် အကြောင်း ပြောတာ.. အဲဒီ တာဇံက ခေါ်လိုက်ရင် ကျား တွေ ဆင်တွေ လာရောတဲ့..သူ့ဆီ မှာလည်း ညီမ တစ်ယောက် ရှိ တယ်လေ.. အဲဒီ ညီမလေး ကျ တော့ မျောက်တွေကို အုပ်ချုပ် တယ်တဲ့..
မျောက်လွှဲကျော်.. တောမျောက်..မျောက်ဝံ.. မျောက်ပင်နီ..အို မျောက်တွေ အားလုံး သူ့တပည့်တွေချည်းပဲတဲ့.. မိုးပျံအောင် အော်တတ်လို့ သူ့ အမည်က တာပျံ တဲ့လေ..
၂၄


သူ့ကို
နှစ်ယောက်မှာ ညီလေး
တစ်ယောက် ရှိသေးတယ်တဲ့..
အသားလေးက ဖြူဖြူ..ရယ်လိုက်
ရင် ပါးချိုင့်လေးနဲ့..သွားတက်
ကလေးနဲ့ သိပ်ပြီး ချစ်ဖို့ကောင်း
တယ်တဲ့ ..
တာတီးလေးရဲ့ မျက်လုံးလေး
များသည် ပြူးဝိုင်းလာသည်..
ကိုတူး ပြောသော ပုံပြင်တွင်
နစ်မျောပြီး ပါးစပ်လေး ဟနေ
သည် . .
ရုံးမှာကမှ ဆီးငံစေ့ကို ငုံဆွဲပြီး
စုပ်နေရင်း စိတ်ပါလက်ပါ ပြောနေသော
ကိုတူးကို ငေးကြည့်နေမိသည် . . .


တစ်ခါတစ်ရံတော့ ပုံပြော
နေသော ကိုတုးပါ နေရာတွင်
မေမေ့ သဏ္ဌာန်ကို ရုးမာ
ဖန်ဆင်းပြီး ကြည့်နေမိတတ်
သည် . .
မေမေသည် ရုးမာတို့နှင့် အေးအေးဆေး
ဆေး ရင်းရင်းနှီးနှီး မနေနိုင်သည်မှာ ကြာ
ချေပြီ.. တာတီးလေး မမွေးခင်က တိုးဝင်ခဲ့
ရသော မေမေ့ ရင်ခွင် နွေးနွေးကို ရုးမာ
မကြာခဏ တသမိသည် . .
ရုးမာနှင့် ကိုတုးကို မျှပြီး ထွေး
ပိုက်ခဲ့သော မေမေ့ ရင်ခွင်ကို
နောက်ပိုင်း၌ တာတီးလေး
တစ်ဦးတည်း မျှပိုင် ရှိသွား
လေသည် . . .
၂၁


မေမေ့ အာရုံသည်လည်း ရုံးမောနှင့် ကိုတုး
တို့ကို မေ့လျော့ပြီး ချစ်စဖွယ် သားထွေးလေး
ဆီသို့ စုပုံ ကျရောက်သွားဟန် ရှိသည် . .
ရုံးမောနှင့်ကိုတုးတို့သည် ညီထွေးလေး
ကို အများနည်းတူ ချစ်ရင်း ပေါင်းသင်း
ဝေးလေး ကြီးပြင်းခဲ့ကြရလေသည် . .
အဲဒီ ညီလေး
ကလေးက ခွေးတွေကို အလွန်
ချစ်တယ်တဲ့.. အိမ်ခွေး..မြင်းခွေး..
ခွေးသားပေါက်.. အယ်လ်ဆေးရှင်း.. ချင်းခွေး..ခွေးပု..
ခွေးဝဲစား.. ခွေးဟီလူး.. ခွေးမှုတ်ခံတို့ဟာ
အကုန်လုံး သူ့စကားကို နားထောင်တယ်တဲ့..
သူ့ကို သိပ်ပြီး ချစ်တယ်တဲ့..




သူ့အမည်ကို မေးသံရင် သူက ခွေးတွေ ကို ခြေထောက်နဲ့ ကန်ကန်ပြီး ဆိုးမလို့ သူ့နာမည်က တာဇန် တဲ့.. သူ့ကို တာဇန်လို့ ခေါ် ကြတယ်တဲ့..
တို့တို့သူးက တာဇံ.. မယားက တာယမ်.. တားတားက တာဇန် လား..
ဒါပေါ့ ကွ..
တာတီးလေးသည် ဟက်ဟက် ပက်ပက် ရယ်နေလေသည်.. ကိုတူး၏ ပုံပြင်ကို သဘော ကျသဖြင့် ရယ်မောလည်း ပြုံး ရယ်နေမိသည် . . .


တာတီးလေးသည် 'တ'နှင့် 'သ'ကို ပီအောင် မဆိုတတ်ပေ.. ကိုတုးကို တိုတိုသုး ဟု ခေါ်သည်.. သားသား ကျပြန်တော့ တားတား ဖြစ်ပြန်ချေပြီ.. 'တ'သံနှင့် 'သ'သံကို တလွဲစီ ဆိုတတ်လေသည်..
အောက်ထပ် ဧည့်ခန်းထဲမှ စကားသံများသည် လွင့်မျှပြီး တက်လာသည်.. မေမေ့ သူငယ်ချင်းများ ဖြစ်သော အန်တီမြ.. အန်တီကြည် စသူတို့ ရောက်လာလျှင် မေမေသည် တာတီးလေးကိုပင် ခေတ္တမျှ မေ့လျော့သွားလေ့ရှိသည်.. ရေးဟောင်းနှောင်းဖြစ်များ ပြောဆိုပြီး ရယ်မောနေတတ်ကြသည်..



အန်တီလှ ပါသေးလား မသိဘူး..
ပါဘူး အဲဒီ ဖိုးမကြီးကို တားတား တိတ်မုန်း တာပဲ..
ဘာဖြစ်လို့..
ဟိုတစ်ခါ တူဦးက ဟယ် ချစ်စရာ လေး ဆိုပြီး တားတား ပါးကို လိမ်ဆွဲတယ်.. အာ.. တား နာသွားတာ အရမ်း..
တာတီးလေးသည် သူ့ပါးကို ပွတ်ကာ ယခုပင် နာသွား သယောင် မျက်နှာလေး မဲ့ကာ ပြောသည် . . .


ဖောင်းပြည့်နေသော တာဝီးလေး၏ ပါးပြင်
ကလေးသည်လည်း ဆွဲချင်စရာမို့ ကိုတူးသည်
ပြုံးရယ်ရင်း ခေါင်းကို သာသာလေး ပုတ်လိုက်
သည် . .
ရုံးမာသည် ပါးစပ်ထဲမှ သီးစေ့ကလေး
ကို ထုတ်ပြီး ကြည့်လိုက်သည်.. ဇီးမြနှင့်
ဆွဲကာ စုပ်ထားသောကြောင့် အသား
တစ်မျှင်မျှ မကျန်အောင်ပင် ပြောင်နေ
ချေပြီ . .
နေရောင်တွင် ထောင်ကြည့်
ပြီးမှ အပြင်ဘက်သို့
လှ၍ လွှင့်ပစ်လိုက်သည်..
သီးစေ့လေးသည် အရှိန်နှင့်
ဝေးဝေး ပြေးသွားပြီး ခြံစပ်
ရှိ မန်ကျည်းပင်ကြီး၏
ခြေရင်းသို့ ကျသွားလေသည်..
သက်လက် ရှည်ပင်သော
မန်ကျည်းပင်ကြီးသည်
ဟိုဘက်ခြံနှင့် ဒီဘက်ခြံကို
တစ်ဝက်စီ ဝေမျှပြီး အုပ်မိုး
ထားလေသည် . . .


ကိုတုံးရေ
မန်ကျည်းပင်ပေါ်မှာ
အိမ်လေး ဆောက်
မယ်ဆို။။
အေးလေကွာ။။
အိမ် ဆောက်ချင်
တာပဲ။။
မဆောက်
သေးဘူးလား
ကွာ။။
ငါမှ
မဆောက်တတ်
သေးတာ။။
ကိုကိုသူး။။
တားတားလည်း
ဆောမယ်နော်။။
တာတီးလေးက ကိုတုံး
ကို ပူဆာသည်။ ။


ရုံးမှာကမှ မန်ကျည်းပင် အိုအိုကြီးကို ငေးကြည့်နေရင်း အန်တီအေးကို သတိရနေမိသည် . .
ဟိုတုန်းက အန်တီအေးသည် တစ်ဖက်ခြံက တိုက်ဝါဝါတွင် နေသူ ဖြစ်သည်.. ရုံးမှာနှင့် ကိုတုံးတို့ နှစ်ဦးလုံး မန်ကျည်းပင်ကြီး အောက်တွင် ဆော့ကစားပြီး မောသောအခါ အန်တီအေး ဆီသို့ ပြေးမြဲ ဖြစ်သည် . .
သူ့ လက်ဖြစ် ဆီးယိုများကိုသော် လည်းကောင်း.. မန်ကျည်းဖျော်ရည် အေးအေးကိုသော်လည်းကောင်း.. အန်တီအေးက ဆီးပြီး အမောပြေ တိုက်ကျွေးတတ် လေသည် . . .


လွန်ခဲ့သော လကမူ အနိတ်တီအေးသည်
သူ့ခြံနှင့် တိုက်ကို အပြီး ရောင်းသွားခဲ့လေသည်..
ရုံးမောနှင့် ကိုတုံးတို့သည် အနိတ်တီအေး
နှင့် တကွ ဆီးယို ချိုချိုမွှေးမွှေးကိုပါ
လွမ်းရင်း ကျန်ရစ်ခဲ့ကြရသည် . .
တိုက်ဝင်းကြီးကို တံခါး ပိတ်ထား
သည်မှာ ကြာချေပြီ..ယခုတော့
ကားတစ်စီး ဝင်လာသည်ကို
တွေ့ရသည်.. လူသစ်များ
ရောက်လာချေပြီ ထင်သည် . .


ကိုတုးရေ လှသစ်တွေ ရောက်လာပြီ ထင်တယ်..
ဟေး လှသစ်တွေ ထင်တယ်..
ကိုတုး၏ ကောား အဆုံးတွင်ကား နှစ်ဦးသား အိမ်ပေါ်မှ အပြေးကလေး ဆင်းခဲ့ကြလေသည်.. စပ်စုလိုသော စိတ်ကလေး တဝေဝေဖြင့် ယှက်ကျူးပင်ကြီး အောက်သို့ ကဆုန်ပေါက်၍ ပြေးခဲ့ကြသည် . . .
ခြံစည်းရိုးတွင် နွယ်ယှက် တက်နေသော ကင်းပုံနွယ်များကို လက်နှင့် ဖယ်ရှားကာ ကြည့်လိုက်ပါက တစ်ဖက်ခြံမှ တိုက်ပါကြီး၏ ဆင်ဝင် အောက်ကို ထင်ထင်ရှားရှား တွေ့နိုင်လေသည် . . .
အကုန်လုံး လျှကြီးတွေ ချည်းပဲဟ.. တို့လို အရွယ်တွေလည်း မပါဘူး ..

mgyee.com



ဟောဟို အကို့ အစိမ်းနဲ့လှ ကတော့ မမကြီးတို့ အကွယ် လောက် ထင်တယ်နော်..
ကိုတူးသည် ကင်းပုံရွက်များကို လက်နှင့် ဖယ်ရှားကြည့်ရင်း တီးတိုး ပြောသည်.. နီနီရဲ့ ကင်းပုံသီးမှည့် လေးများသည် ကိုတူး၏ ခေါင်းပေါ်တွင် ချစ်စဖွယ် တွဲလဲ ကျနေကြသည် . .
နုမာသည် ကင်းပုံသီး လေး တစ်လုံးကို ဆတ် ခနဲ ခူးယူလိုက်ပြီး ..
လက်ထဲတွင် လှည့်ကစားနေမိသည်.. ဒေါ်ကြီးသက် ချက်လေ့ရှိသော ကင်းပုံသီး ဆီပြန်ဟင်းလေးကို မြင်ယောင်လာသဖြင့် အများကြီး ခူးသွားပြီး မျက်နှာ လုပ်ရ ကောင်း မလားဟု စဉ်းစားနေမိသည် . .



mgyoe.com



သူတို့လို အရွယ် ကစားဖော် မပါသဖြင့် လူသစ်များ အပေါ်တွင် စိတ်ဝင်စားမှု လျော့နည်းသွားလေသည် . .
ဖိုးမကြီးက အနှိတီလေးလို သဘော ကောင်းရင် သိပ်ကောင်း မှာနော်..
ဘာလဲ ကိုတုးက မှည့် သွားစေချင်လို့ လား..
ရုံးမာသည် လက်ကောက်ဝတ်တွင် စွပ်ထားသော သားရေကွင်းလေးကို ဖြုတ်ယူလိုက်ပြီး ကိုတုး ဘက်သို့ ချိန်ရွယ်လိုက်သည် . .
ကိုတုး ခေါင်းပေါ်တွင် တွဲလဲခိုနေသော ကင်းပုံသီး နီနီများထဲမှ အနီအရင့်ဆုံး အသီးလေးကို ရွေးပြီး တည့်မတ်စွာ ချိန်နေလေသည်.. အသီး ညှာတံကို တည့်တည့် ထိပြီး ကင်းပုံသီး နီနီလေး သည် ကိုတုး ခေါင်းပေါ်သို့ ထောက်ခနဲ ပြုတ်ကျသွားလျှင် အတော်ပင် ပျော်စရာ ကောင်းမည် ဖြစ်၏ . . .
၃၂


တော်ကြာနေ သားရေကွင်းက ကင်းပုံ သီးကို မထိဘဲ ကိုတူး၏ နောက်စေ့ကို ဖတ်ခနဲ ပြေးဆော်ပါက ကိုတူး တစ်ယောက် မျောက်ညှိသလို ထခုန် လိမ့်မည် ထင်သည် . .
ရုံးမာသည် မျက်စိလေး တစ်ဖက် မှိတ်ကာ အသေအချာ ချိန်ရွယ်ရင်း ပြုံးနေမိသည် . .
ဟိုလူကြီး ငါတို့ဘက်ကို လာ နေတယ်.. အဲမာ သူ့ကို ကြည့်ရတာ ဗလ ကောင်း တယ် ဆရာ..
ဟယ် ဟယ် ဟော ဟင် ရုံးမာ နင် ဘာလုပ်တာလဲ..
ဟောဝတော့!


ရှုမော ပစ်လွှတ်လိုက်သော သားရေကွင်းသည် ကင်းပုံ သီး ကိုလည်း မမှန်.. ကိုတူးဖါ် အောက်ခြေကိုလည်း မထိ.. ခြံစည်းရိုးကို ကျော် ပြီး ပြေးထွက်သွားလေ သည် . .
ထိုနောက် ရှုမောတို့အောက် လျှောက်လာနေသော တစ်ဖက် ခြံမှ လူပျို မျက်နှာကိုမှ တည့် တည့် ထိအောင်ကာ နှုတ်ဆက် လိုက်ဟန် ရှိသည် . .
တော်ပါသေးသည်.. သားရေကွင်းက အရှိန် ပျော့သွားပြီ ဖြစ်၍ သိပ်ပြီး နာကျင်ဟန်တော့ မရှိ.. သို့ရာတွင် အတော်ပင် တအံ့တသြ ဖြစ်သွားပုံ ရသည် . . .


မြေပေါ် ကျသွားသော သားရေကွင်း လေးကို ကုန်းကောက်ပြီး ခပ်သွက်သွက် ချဉ်းကပ်လာသည်.. လက်တစ်ဖက်က မျက်စိကို အုပ်ထားသည် . . .
သူ့ မျက်နှာတွင် ထိစရာ နောက်ရာ အမျိုးအပြား ရှိသည့် အနက် သားရေကွင်း အရုတ်အနာသည် မျက်လုံးကိုမှ အံဂိုက်ဟစ် ပြေးနှုတ်ဆက်လိုက် ပုံ ရသည် . . .
ပေး ချာတိတ်..
ရုံးမှာ ကင်းပုံသီးကို ပစ်တာပါ..
ဒီ သားရေကွင်းကို မင်းပစ်တာလား ကွ..
အို ရုံးမှာ ကိုတူး ခေါင်းပေါ်က ကင်းပုံသီးကို ပစ်တာ ပါ..


ကိုတုး..
ဟုတ်ကဲ့..
ကိုတုး
ဆိုတာ ဘယ်သူ
လဲ..
သူငပါ့..
ရုံးမာသည် ခပ်ကြောင်ကြောင်လေး ရပ်နေ
သော ကိုတုးကို လက်ညှိုး ထိုးပြလိုက်သည် . .
မျက်နှာစိမ်းပေး၏ အကြည့်
က သူ့ဘက်သို့ ညွှတ်
လာသောအခါ ကိုတုး
သည် အဟဲ့ဆုံ အရှူး
ချာ ရယ်လိုက်သည်..
ရုံးမာ ကိုယ်ခား
တောင်းယိမ်းသော
အကြည့်လေးနှင့် သွား
ဖြဲပြနေသော ကိုတုးကို
ကြည့်ရသည်မှာ ရယ်
စရာ ကောင်းလှသည်..
ဟင်!


ရုံးမောကသာ ကိုတူးကို ကြည့်၍ ရယ်ချင်နေသော်လည်း တစ်ဖက်ခြံမှ မျက်နှာစိမ်းသည် တအံ့တသြ ဖြစ်သွားပုံ ရသည် . .
ကိုတူးကို ငေးကြည့်ရင်း မျက်မှောင်ကြုတ် သွားသည် . .
မတော်လို့ ထိတာပါ.. သူက အိပ် ဆော့တာ..
ကိုတူးသည် မျက်နှာကို အချိုဆုံး ထားပြီး စကားပြေ ပြောလေသည်.. လူစိမ်းကမူ ကိုတူး၏ တောင်းပန်စကားကို သတိထားမိ ပုံပင် မရ.. ကိုတူး မျက်နှာကိုသာ ခပ်တွေ တွေ ငေးကြည့်နေလေသည် . . .


ရှုံးသောလည်း ဘာပြောရမည် မသိသည့် အတွက် သူ့ လက်ကောက်ဝတ်တွင် ကျန်နေသေးသော သားရေကြိုး အနီနှင့် အဝါလေးကို လိမ်၍ ကစားရင်း ငြိမ်နေမိ လေသည် . .
ကိုတုး ခမျာလည်း မချိသွားဖြဲ လေးနှင့် ခေါင်းကုတ်နေရှာသည်..
ငြိမ်တိတ်နေသော အခြေအနေကို ရုတ်တရက် ကယ်ဆယ်လိုက်သူကား တာတီးလေး ဖြစ်သည်.. အိမ်ထဲမှ ပြေးထွက်လာရင်း မကျေမချမ်းနှင့် အော်ဟစ်လာသည် . . .
မမရေ.. တိုတို့သူး..တားတား ကိုလည်း မခေါ်ဘူး..တားတား ကို ထားခဲ့တယ်..တား လိုက်ခဲ့ မှာပေါ့..
တာတီးလေး ငြိမ်ငြိမ် နေ စမ်း..

mgyoe.com




mgyoe.com



လူတစ်..
အင်းလေ လူတစ်လား လို့..
လူတစ်လား..
သူက လူသစ်လားလို့ မေးနေတာပါ..
ကိုတုးက မနေနိုင်တော့ဘဲ စကားပြန် ဝင်လုပ်ပေးရလေသည်.. ကိုလှိုင်မိုးသည် ဒီတစ်ခါတော့ မျက်မှောင် အတွန့်ပြေသွားလေသည်.. တာတီးလေး၏ ပြုံ့ချိုချို မျက်နှာလေးကို ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည် . . .
ဟုတ်ပါ့ဗျား ကျွန်တော်က ပျော်ဘက် ဒီမယ်က လူသစ်ပါ ခင်ဗျား.. အမည်က ဆောင်ကျော့နိုင်လို့ ခေါ်ပါတယ်.. ဒီက မိတ်ဆွေကြီး ကရော အမည်လေး တစ်ဆိတ် မသိရဘူးလား..


တွား နာမည် လား..
ဟုတ်ကဲ့ ခင်ဗျ..
တားနာမည် ကတော့ တားတားပေါ့.. မမေ့တို့ကတော့ သာသီးလေး တဲ့..
သာသီးလေး...
သာသီးလေး ဟုတ်ပါဘူး.. သာသီး လေးပါ..
သူက တာတီးလေးလို့ ပြောတာပါ..
မမေ့နိုင်သော ကိုတူးက ကျေးပြန် ဝင်လာပါပြန်သည်..



ရှုးယောကမူ ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ပြုံးကာ ကြည့်နေသော ပရိသတ် တစ်ဦးလို ငြိမ်နေလေသည် . .
ပွင့်လင်း ဖော်ရွေဟန်ရှိသော အောင်ကျော်နိုင် အမည်ရှိ အိမ်နီးချင်း အသစ်စက် မျက်နှာထား ကို အကဲခတ်ရင်း တစ်ခါတရံ ရှုးယောတို့နှင့် အတူ ခွက်ပစ်တမ်း ကစားတုန်း ကောင်းရဲ့ဟု ကိုယ်လိုရာ ကိုယ် ဆွဲတွေးနေမိသည် . .
မမကြီး အရွယ်လောက် ရှိပြီဖြစ်၍ မမကြီးလိုပင် စာအုပ်ထူကြီးများထဲ တွင်သာ နစ်မြုပ်နေသောသူလည်း ဖြစ်နိုင်ပေသည်။ သူတို့ အရွယ် မျိုးသည် အထဲတွင် ကျောက်ခဲ ထည့်ပြီး အဝကို ပိတ်အောင် ထု ထားသော နို့ဆီဗူးကို သတိပင် ရှိချင်မှ ရှိကြတော့ပေမည် . . .

mgyoe.com


ဪ
သားက မိတ်ဆွေတွေ
တွေ့နေမှုကိုး . .
ရယ်သံ စကားပြောသံများကြောင့် ရုံးမောင်တို့
အနီး ထပ်ရောက်လာသော မိန်းမကြီးက
ပြောလေသည် . . ဆံထုံးကို မြင့်မြင့် ထုံးထား
ပြီး . . နဖူးပြင်သည် လေးဒေါင့်စပ်စပ်နှင့်မို့
မဟာဆန်သော ရုပ်ရည်မျိုး ဖြစ်လေသည် . .
အသက် ငါးဆယ်ခန့် ရှိပြီ ဖြစ်သည် . . .
နူးညံ့သိမ်မွေ့စွာ ပြုံးနေသော
အမျိုးသမီးကြီး၏ ရှည်လျား
သွယ်ပျောင်းသော သူ့လက်ချောင်း
လေးများကို ငေးကြည့်ရင်း . .
အနိတာအေးလို့ ဆိုးယို့မှ
ထိုးတက်ပါမလားဟု
ရုံးမာ စိုးရိမ်နေမိ
လေသည် . . .
၄၃


ကျွန်တော် တို့ရဲ့ အိမ်နီးချင်းတွေကို ကြည့်ပါဦး မေမေရဲ့.. ဒီက မိတ်ဆွေကြီး အမည်သိက..
တာဝင်း လေးတဲ့.. သူကရော ကြည့်ပါဦး မေမေ.. အမှတ်တမဲ့ ကြည့်ရင် အငယ် လေးနဲ့ မတူဘူးလား ..
အမျိုးသမီးကြီးသည် ကင်းပွန်ဆယ် သည်းရိုးနား ကပ်လာပြီး ကိုတူး မျက်နှာကို အသေအချာ ငုံ့ကြည့်လေသည် . .
ကိုတူးသည် အနေရ အထိုင်ရ ခက်သလို မျက်နှာလေး နီမြန်းလာပြီး ခေါင်းငုံ့လိုက် လေသည် . . .


အဲဒီလို ခပ်စောင်းစောင်းလေး နေရင် ပိုတူတယ်.. နှုတ်ခမ်းဖျား ကလည်း မှဲ့လေးနဲ့.. မျက်နှာ သွယ် ပုံက တူနေတယ်.. ပြော် မောင်သွင် မြင်ရင်တော့ ဘယ်လိုနေမယ် မသိ..
အဲဒီ အငယ် ဆိုတာ ဘယ်သူလဲဟင်..
ရုံးမောက ဖျတ်ခနဲ ထမေးလိုက်မိသည်.. အမျိုးသမီးကြီးသည် ရုံးမော၏ မေးခွန်းကို ကြားပုံ မရဘဲ ကိုတူးကိုသာ ခပ်တွေတွေ ငေးကြည့်နေလေသည်.. သူ့ မျက်လုံးများသည် မှိုင်းသိုသိုနှင့် ဝေနေကြသည်.. ရုံးမောသည် ကိုတူးနှင့် တူသော သူကို သိချင်သော စိတ်ကလေး ဆူဝေနေသည်.. သက်ပြင်း မသိမသာ ရှိုက်ကြိုက်လိုက်သော အမိန်းချင်း အသစ်များကို ကြည့်ရင်း ထပ်၍လည်း မမေးဖြစ်တော့ချေ . . .


ခြံစည်းရိုးဒေါင့်က ဇော်ကျည်းပင်ကြီးမှာ အကိုင်းအခက် ဝေဆာစွာဖြင့် တစ်နှစ်လုံးလုံး ရွက်နုတို့ဖြင့် စိမ်းစိုလျက်ရှိသည်.. ဇော်ကျည်းရွက် ဟင်းချို.. ဇော်ကျည်းရွက်သုတ်.. ဇော်ကျည်းရွက် သုပ်တို့မှာ ရုမားတို့ အိမ်အတွက် အမြဲတမ်း ပါသော ဟင်းတစ်ခွက်ပင် ဖြစ်သည် . .
အခန်း(၃)
ဒီမှာ ဇော်ကျည်းရွက်သုတ် လေး..
ဇော်ကျည်းရွက်ကို တစ်နှစ်ပတ်လုံး ရအောင် ဘိုးကြီးသက် ကပင် ဇော်ကျည်းရွက်ကို ရှင်အောင် မခေါင့်ဘဲ တသုံးတည်း ချိုးပေ သောကြောင့် အမြဲ တမ်း စိမ်းနေသည် . .
ကိုတူးရေ.. အပေါ်ကိုင်းတွေမှာ ရွက်နုတွေဟဲ့..ထပ်ချိုး ပြီး . .
ကိုတူးမှာ ဘိုးကြီးသက်ဖိုး ခေါင်းချက်အရ အမြဲတမ်း ဇော်ကျည်းပင်ပေါ်သို့ တက်၍ ရွက်နုလေးများကို ချိုးပေး ရသည် . .




mgyoe.com


ဒေါ်ကြီးသက်.. ဒီ အရွက်လေးတွေက ခူးတိုင်း အသစ်တွေ ထွက်တာပဲနော်..
အေးပဲ ကိုတုံးရဲ့..
သူတို့ကို ရင့်တဲ့ အထိ ထားရင် ဘာမှ သုံးလို့ မရဘူး.. ဟိုမှာ တွေ့လား.. မခူးဘဲ ထားမိတော့ အရွက်တွေက ရင့်ကျော်ပြီး ဘာမှ လုပ်လို့ မရတော့ဘူး ..
ဒါကြောင့် ငယ်တဲ့ အချိန်မှာ အသုံးချမှ စားလို့ ရမှာ..ကြီးပြီး ရင့်ကျော်သွားရင် ဘာမှ သုံးလို့ မရတော့ဘူး ..

mgyoe.com


ကိုတုးမှာ မဲ့ဆီကျွန်းပင်ပေါ်သို့ တခါတေ့
တခါခေါ်ကြတော့ တက်သည်.. တက်လျှင်
လည်း ပင်ညွန့်ဖျားထိ တက်၏ ..
ကိုတုး
ပြန်ဆင်းခဲ့.. သစ်ကိုင်း
ကျိုးကျမယ် ..
ကိုတုးက အရေးမစိုက်.. သစ်ပင်ဖျားထိ တက်သည်..
မဲ့ဆီကျွန်းသားမှာ တခြား ဗနိပါ.. အရက်..ပိတောက်
ပင်ကိုင်း ကဲ့သို့ မဟုတ်.. သစ်ကိုင်းသား မာသည်..
လောက်ရုံ တန်ရုံ မကျိုး ...
လာ လာ
တာတီးလေး..ခို
စီးကြည့်..


ထိုနေ့က ကျောင်းမှ ပြန်လာပြီး ဆော့ကစားရင်း ကိုတုး တစ်ယောက် မန်ကျည်းပင် အောက်သို့ ရောက်နေခဲ့သည်။ တစ်ဖက်ခြံသို့ စိုက်ကြည့်နေပြီးနောက် မန်ကျည်းပင်၏ အောက်ဆုံး ကိုင်းပျားပေါ်သို့ တက်ထိုင်လိုက်သည် . .
ဟေး ရုံးမာ..ငါ ဒီမှာ..
ကိုတုး ခေါ်သံကြောင့် ရုံးမာ ရောက်သွားသည်။ ရုံးမာ နောက်မှ တာတီးလေးပါ ကပ်ပြီး ပါလာသည် . .
တို့တို့သုံး တို့တို့သုံး.. ဘုတ်မရေ ဆီပေး ဆားပေး ကစား ကြမယ်..
ကိုတုးက မန်ကျည်းရွက် နုနုလေးများကို ခူးပြီး သူ့တွင် ပါလာသော သတင်းစာစက္ကူဖြင့် ထုပ်၍ တာတီးလေးကို လှမ်းပေး လိုက်သည် . .


တာတီးလေးက မြေကြီးကို ယက်၍ တွင်းတူးပြီး လက်နှင့် ဖိချေနေလေ၏.. မကြာမီ ဖိအားကြောင့် ယဒိကျည်းရွက်နု လေးများ နွမ်းပြီး စိုလာတော့ သည် . .
ဒီကို မြေမှုန့်စားသော.. မြေကြီးထဲတွင် နေသော ဘုတ်မ က ဆီနှင့် ဆားနှင့် ချက်ပေး သည်ဟု ယူဆကာ ထို ယဒိကျည်း ရွက်နုလေးများကို ဝိုင်းစား ကြသည် . .
ရုံးမောတို့က ဒီကစားနည်းကို မကစား ကြတော့ချေ.. တာတီးလေးကတော့ ခုံမင်စွာ ကစားဆဲ ဖြစ်သည်.. ကိုတုံးက သစ်ပင် ပေါ်မှ ဆင်းလိုက်ပြီး . . .
ရုံးမော.. ငါ တစ်နေ့တော့ ဒီ ယဒိကျည်း ပင် ပေါ်မှာ လင့်စင် ထိုးမယ်ကွာ.. အပေါ်ကို ကြိုးလှေကားနဲ့ တက်.. အောက်ကို ဆင်းရင်လည်း လျှော ဆင်း.. မကောင်းဘူးလား..


ဒါဆိုလည်း ထိုးလေဟာ..
ငါမှ မလုပ်တတ်တာ..
အေး ပေပေ ဆိုရင် လုပ်တတ်မှာဟ.. ဒါပေမဲ့ ပေပေက မလုပ် ပေးဘူးဪ..
ကိုတုံး ငြိမ်ကျသွားသည် ..
အင်း.. ဒီ လင့်စင်လေးပေါ်မှာ ငါ တစ်ယောက်တည်း နေမယ်..
ဟာ ငါလည်း မနေရ ဘူးလား...
အေး နင်တော့ လာနေလို့ ရပါတယ်ဟယ်.. ငါ လူတွေကို မတွေ့ချင်ရင် ဒီမှာ တစ်ယောက်တည်း နေမယ် လေ..
ဒါဆို ထမင်းစား.. မုန့်စား.. အီးအီး ပါတော့ရော..